



သင်သည် **လူကောင်း တစ်ဦး** ဖြစ်ပါသလား။
သူကတော့ ကိုကောင်းမြတ်သူပါ။ သူတော်ကောင်းတွေ ကောင်းကင် ကိုရောက်မယ် ဆိုရင် သူကတော့ရှေ့ဆုံး ကဘဲ။
ဟုတ်တာပေါ့–ငါက မှန်တာကို ဘဲလုပ်ဖို့ အားထုတ်တာ။
ခင်ဗျား သီလတွေ ပညတ်တော်တွေ ကိုစောင့်ထိန်း ပါသလား။
သေသေချာချာစောင့်ထိန်းတာပေါ့ဗျာ....။
ဟုတ်လား၊ ဒါဆို စိတ် မရှိ နဲ့နော် ကြည့်ကြ ရအောင်။
အင်း– ကောင်းပြီလေ...။
ခင်ဗျား မုသာ ပြောဖူး ပါသလား။
ပြောဖူးတာပေါ့၊ မပြောတဲ့လူ ဘယ်သူ ရှိပါ့မလဲ။
ဒါနဲ့ ခင်ဗျား တစ်နေ့ကို ငါးကြိမ်ဘဲ အပြစ်ပြုတယ် ဆိုရင်တောင်
တစ်နှစ်ဆို–အကြိမ်ပေါင်း ၁၈၂၅ ကြိမ် ပြစ်မှားမယ်၊ အသက်(၇၀)ဆို ဘုရားသခင်ရဲ့ ပညတ်တော်ကို ခင်ဗျားအကြိမ်ပေါင်း **(၁၂၇၀၀၀)**ကြိမ် ချိုးဖေါက် ပြီးဖြစ် နေလိမ့်မယ်။
ကျမ်းစာက ဘာပြောသလဲဆိုရင်– ငါတို့ရှိသမျှသည် ဘုရားသခင် စစ်ကြောတော်မူ ခြင်းကိုခံ ရကြမည် (ရောမ၊ ၁၄း၁၂)။
ဒါပေမယ့်ဗျာ ဘုရားသခင်က ငါ့ကို ခွင့်မလွှတ်ပေး ဘဲနေပါ့ မလား။
ကျွန်တော် အပြစ်ကျူးလွန်နေတာ ကျွန်တော်သိ ပါတယ်။ ဒါပေမယ့် ဒီလောက်လေး ကိုတော့ လျှော့ပေး လိုက်လို့ မရဘူးလား။
ဒါဆို တရားခုံရုံးမှာ ဒီလိုကြိုးစား ကြည့်ပေါ့။
မဖြောင့်မတ်တဲ့ တရားသူကြီးကသာ လျှော့ပေါ့ပေး ပါလိမ့်မယ်။ **ဖြောင့်မတ်တဲ့** တရားသူကြီး ကတော့–
တရားဥပဒေ အတိုင်း ပြစ်မှုအတွက် ခံရမယ် လို့ဘဲ ပြောပါလိမ့်မယ်။
ဘုရားသခင်ဟာ– သန့်ရှင်းဖြောင့်မတ်တဲ့ တရားသူကြီးဖြစ်တယ်၊ အပြစ်ကိုမုန်းတယ်၊ ပြစ်မှားသောသူတို့ကို အမျက်တော်အားဖြင့် ဝိုကြွေးခြင်း၊ အံသွားခဲ ကြိတ်ခြင်းရှိရာ မီးဖို၌ ချကြလတံ့ဆိုပြီး ယေရှုက သတိပေးထား ပါတယ် (မဿဲ၊ ၁၃း၄၂)။
ဂလု...။
ဒါဆို ကောင်းကင်ကို **ဘယ်သူ** တွေဘယ်လို ရောက်နိုင်ပါ့မလဲ။
တစ်လမ်းတည်းဘဲရှိတယ်၊ အပြစ်မရှိတဲ့လူ တစ်ဦးတစ်ယောက်က သင့်ရဲ့အပြစ်အတွက် စီရင်ချက်ကို ခံယူ ဖြေရှင်းပေးပြီးမှသာ တရားကသင့်ကို လွှတ်ခွင့် ပေးပါလိမ့်မယ်။
ဘုရားသခင်က သင့်ကို အင်မတန် ချစ်ပါတယ်၊ သင့်ရဲ့ အပြစ်အတွက် ဝေဒနာခံပြီး အသေခံပေးဖို့ မိမိရဲ့ သားတော်ယေရှုကို စေလွှတ်ပေးခဲ့ပါတယ်။
ထို့နောက် မြှုပ်နှံရာမှ ထမြောက်ပြီး သေခြင်းကို အောင်နိုင် တော်မူတယ်။
မိမိရဲ့ အစွမ်းဖြင့် သင်ထာဝရအသက် မရနိုင်ပါ၊ ထာဝရအသက်ဟာ ကိုယ့်ကိုကိုယ် နှိမ့်ချပြီး ခရစ်တော်ထံ ချဉ်းကပ်သူတိုင်းကို ဘုရားကပေးတဲ့ လက်ဆောင်ဖြစ်တယ်။ ဘုရားသခင်ထံ နောင်တဖြင့်၊ ခရစ်တော်ထံ ယုံကြည်ခြင်းအားဖြင့် လာရမည်(တမန်၊ ၂၀း၂)၊ ထိုသို့ပြုလျှင် အပြစ်ခွင့်လွှတ် ခြင်းခံရပြီး သင့်အားစိတ်နှလုံး အသစ်ကိုပေးပါလိမ့် မည်။ "လူမည်သည်ကား ခရစ်တော် ၌ရှိလျှင်၊ အသစ်ပြုပြင် သော သတ္တဝါဖြစ်၏".. (၂ကော၊ ၅း၁၇)။
ထို့နောက် ကျမ်းစာကိုဖတ်ပြီး၊ နာခံလိုက်လျှောက်ပါ၊ မိမိအား ဝိညာဉ်ရေးကြီးထွားခြင်းကို ကူညီပေးနိုင်တဲ့ အသင်းတော်ကိုရှာပါ။ ပြီးတော့ အခြားသူတို့အား **သတင်းကောင်း** ဝေငှပါ။


ဒါဆို လိမ်ပြောတဲ့ သူကို ဘယ်လိုခေါ် ပါသလဲ။
တစ်ခုခုခိုးဖူး ပါသလား။
ဒါနဲ့ ခုနကပြောတော့ ခင်ဗျားက လူလိမ်ဆို။
လူလိမ် ပေါ့ဗျာ။
ဟာ မဟုတ်တာ။
အဲ –ဟုတ်ပါပြီ –ငယ်ငယ်တုန်းကတော့ သကြားလုံး တစ်ခါ ခိုးဖူးပါတယ်။
ဒါဆို ခိုးတဲ့ လူကို ဘယ်လို ခေါ်ပါသလဲ။
သူခိုး ပေါ့ဗျာ...။
ကောင်မလေး တွေကို ကိလေသာ စိတ်နဲ့ ကြည့်ဖူးပါသလား။
အာ– အင်းပါ။
ခရစ်တော်က ကိလေသာ စိတ်နှင့် သူ့မယားကိုကြည့် ရင်– စိတ်နှလုံးထဲမှာ ထိုမိန်းမနှင့် ပြစ်မှားပြီ (မဿဲ၊ ၅း၂၈)၊ လို့ပြောတယ်။
ကျိန်ဆဲတဲ့ အခါ ဘုရား နာမကို သုံးဖူး ပါသလား။
ဘုရား ဘုရား × × × × ! ကြည့်မောင်းကွ လို့ပြောမိတာ မျိုးရှိတယ်။
ဒါဘုရားနာမကိုရှုတ်ချတယ်လို့ခေါ်တယ်။ "ဘုရား၏နာမတော်ကိုမုသာနှင့်ဆိုင်၍ မြွတ်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရားမှတ်တော်မမူ"။ လို့ဆိုထားတယ် (ထွက်၊ ၂၀း၇)။
ခင်ဗျားပြောပြ ချက်အရဆို– ခင်ဗျားက လူလိမ်၊ သူခိုး၊ ဘုရားနာမကို ရှုတ်ချသူ၊ သူ့သားမယားကို ပြစ်မှား သူဖြစ်နေ ပါတယ်၊ ဒါတောင် ပညတ် (၄) ပါးဘဲရှိ သေးတယ်။
ကောင်းပြီ၊ ဒါဆို ငါကပြီးပြည်စုံတဲ့ သူမဟုတ်ဘူးပေါ့။
တကယ်ဆို– အဲတာထက် ပိုဆိုးတာက. . .
အပြစ် ဆိုတာ မလုပ်သင့်တာကို လုပ်မိတာ တွေတင် မကဘူး..။ လုပ်သင့်တာကို **မလုပ်မိ**တာလဲ အပြစ် ပါဘဲ။
ကောင်းသောအကျင့်ကို သိလျှက် မကျင့်ဘဲ နေသောသူသည် အပြစ်ရှိ၏(ယာ၊ ၄း၁၇) လို့ဆို ထားပါတယ်။
ဒါတင်ဘယ်ကမလဲ။
အကယ်၍ ခင်ဗျားခေါင်းထဲမှာ တစ်ပတ်စာ စဉ်းစားကြံစည် တာတွေကို ရိုက်ကူးဖို့ ရုပ်သံဖမ်းစက် ကိရိယာလေး တပ်ဆင် ထားနိုင်တယ် ဆိုပါတော့။
အဲဒီရုပ်သံဖမ်းစက်လေးကို ခင်ဗျား မိတ်ဆွေတွေနှင့် မိသားစုတွေ ကြည့်နိုင်ဖို့ ရုပ်ရှင်လို ပြသနိုင်မယ် ဆိုပါတော့။
တော်တော်ရှက်ဖို့ ကောင်းမှာပေါ့ဟ။
ဒါကြောင့် ဘုရားသခင်သည် စိတ်နှလုံးထဲ၌ ဝှက်ထားသမျှ တို့ကို သိတော်မူ၏(ဆာလံ၊ ၄၄း ၂၁)၊ လို့ကျမ်းစာထဲမှာ ရေးထားတယ်။
ထားပါတော့ – **တချို့** လူတွေနဲ့ ယှဉ်လိုက်ရင် ငါက သူတော်ကောင်းပါ။
KKK
6 ft
5 ft
4 ft
မှန်တယ်။ ဒါပေမဲ့ ကောင်းမကောင်းကို တိုင်းတာတဲ့စံက ဘုရားသခင်ရဲ့ ပညတ်တော်ပါ၊ တခြားသူတွေမဟုတ်ပါဘူး။